
စိတ်ကူးချိုချိုအနုပညာ



# သားဂုဏ်ရည်

## ပီ-မိုးနှင်း

mgyoe.com

မြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

ISBN9789997113238
PMN59
9 789997 113238
1,500.00KS

mgyoe.com

mgyoe.com

သားဂုဏ်ရည်၊ ပီ-မိုးနှင်း
စာမျက်နှာ ၁၃၃ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ဂျာဒင်လမ်း၊တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊မစိုးရိမ်လမ်း၊ရန်ကင်း။
၂၀၁၈၊ နိုဝင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း။ အုပ်ရေ ၅၀၀၊
၁၉၉၀ ပီမိုးနှင်းသားများစာပေ၏ စတုတ္ထအကြိမ်မူ၊

ရောင်းဈေး ၁ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# သားဂုဏ်ရည်

## ပီ–မိုးနှင်း

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၀၁

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ကာမသွေး | ၁ |
| ၂။ | မိန်းမ | ၁၀ |
| ၃။ | အချစ် | ၁၆ |
| ၄။ | ငယ်သူစိတ် | ၂၈ |
| ၅။ | ရောဂါဆိုး | ၃၈ |
| ၆။ | ကာလသားရောဂါ | ၄၉ |
| ၇။ | ချုပ်တည်းခြင်း | ၅၅ |
| ၈။ | ဝါကြွားခြင်း | ၆၅ |
| ၉။ | ကြီးပွားခြင်း | ၇၀ |
| ၁၀။ | စိတ်ကိုနိုင်ခြင်း | ၇၈ |
| ၁၁။ | အားကျခြင်း | ၈၉ |
| ၁၂။ | လူ့ကျင့်ဝတ် | ၉၂ |
| ၁၃။ | ယောကျ်ားလက်ရုံး | ၉၈ |
| ၁၄။ | အချစ် | ၁၀၄ |
| ၁၅။ | သွေး | ၁၁၂ |
| ၁၆။ | အိမ်ထောင်ရေး | ၁၂၇ |


❑

mgyoe.com

mgyoe.com

## ကာမသွေး

အမျိုးသား၏ ကြီးပွားခြင်းသည် အမျိုးသား၏ စိတ်နေသဘောထား ကိုယ်ကျင့်တရား၌ များစွာ တည်ရှိလေသည်။ ကြီးပွားတိုးတက်ခြင်းသည် ငယ်ရွယ်သူတို့၏ လက်၌ရှိလေရာ ငယ်ရွယ်သူတို့၏ ကိုယ်ကျင့်တရား၊ ငယ်ရွယ်သူတို့၏ စိတ်နေသဘောထားကောင်းခြင်းသည် ပထမအရေး ဖြစ်သည်။

အတတ်ပညာတို့မည်သည်မှာ အသက်မွေးမှု အတွက်လည်းကောင်း၊ လူမှန်က တစ်ခုခုကို တတ်ရမည်ဟူသော အစဉ်အလာကြောင့်လည်းကောင်း သင်ကြရမည်၊ တတ်ကြရမည်ကား အထူးပြောစရာမလို။ ကိုယ်တိုင်ကသော်လည်းကောင်း၊ မိဘများက သော်လည်းကောင်း၊ နောင် တဖြည်းဖြည်း အစိုးရများက သော်လည်းကောင်း၊ ပညာကို မည်သူမဆို မသင်ဘဲ

mgyoe.com

mgyoe.com


မနေရအောင် ပြုကြရပေလိမ့်မည်။ ယခုခေတ်ကာလသည် တစ်ခုကောင်းကျင်လည်မှ အသက်မွေးလောက်သော အလုပ်အကိုင်ရနိုင်သော ခေတ်ဖြစ်လေရာ ပညာသင်ဖို့၊ ပညာတတ်ဖို့ကို ဆုံးမဟောပြောခြင်းသည် အပိုဖြစ်လေသည်။

ရှေးအခါက ပညာကို ဂုဏ်ကျက်သရေ ဆင်ယင် တန်ဆာသဖွယ် သင်ကြားသည်က များခဲ့၏။ ယခုကာလမှာက ပညာကို မသင်လျှင် မပြီးသော အရေးကြီးသော အသုံးအဆောင်ကဲ့သို့ သဘောထား သင်ကြားရလေသည်။

သို့ဖြစ်လေရာ ပညာကို မသင်ကြပါနှင့်ဟု ပြော၍ပင် ရမည်မဟုတ်သဖြင့် ဤကျမ်း၌ ပညာရဲရင့်ပွဲလယ်တင့်မည်၊ ပညာမရှိက လူ့အောက်ကျမည် ဟူသောအချက်များကို ရေးသားမည် မဟုတ်။ လူဖြစ်ခြင်း၊ လူလုပ်ခြင်းအတွက်၌ သာလွန်အရေးကြီးသော အချက်များကို ညွှန်ပြလိမ့်မည်ဖြစ်ကြောင်း။

လူ၌ အရေးကြီးသော (Sex)ခေါ် အဖိုအမနှင့် ပတ်သက်သော အရာများ ဖြစ်လေသည်။

ကိုယ်ခန္ဓာ၌ ယောကျ်ားဖြစ်ခြင်း၊ မိန်းမဖြစ်ခြင်း၏ အစိတ်အပိုင်းသည်လည်းကောင်း၊ ထိုအစိတ်အပိုင်းများနှင့်ပတ်သက်သော အလုပ်များသည်လည်း

mgyoe.com

mgyoe.com


ကောင်း ယုတ်ညံ့ခြင်းသည် ရှက်ဖွယ်ရာဖြစ်သည် ဟူ၍ အများလူတို့ အစွဲပြုကြသည်မှာ များစွာ မှားယွင်းလေသည်။

ဓမ္မတာသဘောတရားမည်သည် ရှက်ဖွယ်ကြောက်ဖွယ်ရာ မဟုတ်ပေ။ မိမိကိုယ်တိုင်ကိုလည်းကောင်း၊ သူတစ်ထူးကိုသော်လည်းကောင်း အကျိုးယုတ်အောင် လုပ်ခြင်းသာလျှင် ဆိုးယုတ်ရှယ်ဖွယ်သောအရာဖြစ်လေသည်။

လူ၌ ကာမသွေးသည် အသက်ဖြစ်လေသည်။ ထိုကာမသွေးသည် ကာမဂုဏ်စိတ်ကို လိုက်စားခြင်း၊ မျိုးဆက်ကိုပွားစေခြင်းအတွက်သာ အသုံးဝင်သည် မဟုတ်။ ကိုယ်၏ကျန်းမာသန်စွမ်းခြင်း၊ ဉာဏ်ပညာဖွံ့ဖြိုးခြင်းအတွက်လည်း အထူးအသုံးဝင်လေသည်။

ကာမသွေးသည် ကာမအလုပ်သက်သက်နှင့် မျိုးဆက်ကို တည်နေ ပြန့်ပွားခြင်းအလုပ်များအတွက် လုံလောက်သည်ထက် ပိုမိုများပြားလေရာ ပိုသမျှသောသွေးသည် ကိုယ်ခန္ဓာအတွင်းသို့ ပြန်၍ ဝင်ရောက်ပျံ့နှံ့ကာ ကိုယ်အားဉာဏ်အားကို တိုးတက်စေသော သတ္တိရှိလေသည်။

စင်စစ်မှာ အသက်သည် ထိုအရာမှ အစဖြစ်ရာ ထိုအရာပင်လျှင် အသက်ဓာတ်ဟု ဆိုလျှင် မှားမည်

mgyoe.com

mgyoe.com



မဟုတ်ပေ။ ကြက်ဥကို မှီဝဲရာ၌ အားကိုဖြစ်စေသော နည်းမျိုးအတိုင်း လူမျိုးပိုလျှံသော ကာမသွေးသည် ကိုယ်ခန္ဓာအတွင်း သွေးထံသို့ တိုက်ရိုက်ဝင်ရောက် ပျံ့နှံ့ကာ အကျိုးဆောင်လေသည်။

ပျိုရွယ်နုနယ်သူတို့မှာ လူလားမြောက်ခြင်း၊ လူကြီးဖြစ်ခြင်း၊ လူကြီး၏ အလုပ်တာဝန်ကို ဆောင်ရွက်နိုင်ခြင်းအတွက် စတင်တည်ထောင်သော အလုပ်သည် ဓမ္မတာသဘောတရား ဖြစ်လေရာ ထိုအလုပ်အတွက် ကာမသွေးသည် အကြီးဆုံးသော လိုရင်းဓာတ်တစ်ပါး ဖြစ်လေသည်။ သို့ဖြစ်လေရာ ပျိုရွယ်စဉ်အခါ၌ အထူးအရေးကြီးသော ထိုဓာတ်ကို ဖျက်ဆီးပြုန်းတီးခြင်းသည် ကိုယ်နှင့်စိတ်ကို ခိုင်လုံစွာ တိုးတက်ဖွံ့ဖြိုးစေသည့် အခြေခံအုတ်မြစ်ကို မမြဲမခိုင်အောင် ပြုသည်နှင့် များစွာတူလေသည်။

သို့ဖြစ်လေရာ ငယ်ရွယ်စဉ်အခါ၌ ကိုယ်စိတ်နှစ်ပါး စင်ကြယ်အပ်ခြင်းသည် ပညာတတ်ခြင်းထက် ပို၍မို၍ အရေးကြီးလေသည်။

ယောကျ်ားပျိုမှန်က ပျက်စီးခြင်းကို ဖြစ်စေမည့် နည်းလမ်းတို့နှင့် တွေ့ရမည်ကား ကာကွယ်တားဆီး၍ မရနိုင်ပေ။ အဘယ်ခေတ်ကာလ၌မဆို ပျိုရွယ်သူတို့မှာ ကိုယ်တိုင်၏ပယောဂလုံ့လဖြင့် အသက်အား

mgyoe.com

mgyoe.com


ကို ဖြုန်းတီးသူတွေ ရှိကြလေသည်။

ကျောင်းများ၌ ဆရာသမားများသည် အဘယ်မျှပင် ကျပ်တည်းစေကာမူ ထိုအကျင့်မျိုးပါရှိသော ကျောင်းသား တစ်ယောက်သည် တခြားကျောင်းသား အားလုံးကို မိမိကဲ့သို့ဖြစ်အောင် မကောင်းသော ပုံသက်သေဖြင့်လည်းကောင်း ပြုတတ်ကြလေရာ သားယောကျ်ား ငယ်ရွယ်သူလေးများကို တချို့သော ကျောင်းများ၌ ကျောင်းအိပ် ကျောင်းစားအဖြစ်နှင့် ပို့ထားခြင်း၌ များစွာ သတိရှိဖို့လိုလေသည်။

(ကျောင်းများ၌ ပညာရခြင်း၊ လိမ္မာခြင်းထက် မကောင်းသော ပုံသက်သေတွေကိုရ၍ ပျက်စီးခြင်းများက အခါများစွာ ပိုမိုထင်ရှားတတ်လေသည်။)

ဤအလုပ်ကို တစ်ကြိမ်တစ်ခါမျှ မလုပ်ဖူးသော သူငယ်သည် လုပ်ရမှန်းမသိ လွန်စွာစင်ကြယ်၏။ တချို့သော တောသူတောင်သား လုပ်စားကိုင်စား လူပျိုကလေးများမှာ ထိုအကြောင်းအရာမျိုးကို မသိ နားမလည်၊ သင်ပြသူလည်း မရှိသဖြင့် ကိုယ်လက် ကျန်းမာလျက် စိတ်မှာ ဖြူစင်သန့်ရှင်း အပြစ်ကင်း၍ ရေဆေးငါးပမာ ပျိုမျစ်ခြင်း၏ ဂုဏ်ကျက်သရေကို မညှိုးမနွမ်း လန်းသစ် ပွင့်လန်းစွာ ဆောင်ကြလေသည်။

လူသူများ၍ အတွေ့အကြုံများသော မြို့ကြီး

mgyoe.com

mgyoe.com


ရပ်ကြီးသားသည်ကား များစွာတို့မှာ လူပျိုကလေး ဖြစ်လျှင်ဖြစ်ချင်း ဆေးပုလင်းကို ဆောင်ကြသူတွေ ရှိကြလေသည်။ လူ့ဘဝတွင် လောကစစ်ပွဲကြီးကို တိုက်ခိုက်ဖို့ရန် အားအစွမ်းသတ္တိကို မွေးမြူတည် ထောင်ရသောအရွယ်၌ ထိုကဲ့သို့ဖြစ်ရခြင်းသည် ဘုန်းကြီး၍ သက်မရှည်၊ သက်ရှည်၍ ဘုန်းမကြီး ဟူသောစကားကဲ့သို့ ဖြစ်အောင် ဖန်တီးသည်နှင့် များစွာတူလေသည်။

ထိုအလုပ်သည် များလျှင်၊ လွန်လျှင် နုနယ်သော ကိုယ်ခန္ဓာအသွင်အပြင်တစ်မျိုးဖြစ်လျက် လတ်ဆတ် စိုပြည်ခြင်းမရှိဘဲ ထိုင်းမှိုင်းတွေဝေ မှတ်ဉာဏ်ကင်း လွတ်လျက် အသက်ရှည်သင့်သလောက်မရှိ၊ ဝေးလ် ပါဝါခေါ် စိတ်၏တန်ခိုး ဆုတ်ယုတ်ကာ ကြီးပွား လမ်း၌ ပျော့ညံ့ညံ့ ဖြစ်တတ်လေသည်။

အလွန်ကျန်းမာသဖြင့် အိပ်ရာ၌ တစ်ခါတစ်ရံ ဇေလျှံခြင်းမှာ အပြစ်မဟုတ်ပေ။ သို့သော်လည်း ထိုကဲ့သို့ဖြစ်သည်ကို ရောဂါကြီးထင်မှတ်၍ ကြောက် ရွံ့သူတို့မှာ လိမ်ညာခြောက်လှန့်၍ ဆေးများ ရောင်း စားသောဆရာများနှင့် တွေ့သည့်အခါ ၎င်းတို့၏ ခြောက်လှန့်ခြင်းကြောင့် ဉပါဒါန်ကပ်လျက် ၎င်းတို့ ၏ဆေးများကို ဝယ်ယူစားရာမှာ တကယ် ရောဂါရ

mgyoe.com

mgyoe.com


တတ်လေသည်။ ၎င်းဆရာများသည် မိမိတို့၏ ဆေးကို မဝယ်ဘဲမနေနိုင်အောင် ပျို့ရွယ်သူတို့မှာ ဖြစ်တတ်သော လက္ခဏာများကို တတ်သလောက် စာတမ်းများ၌ ရေးသားဖော်ပြကြလေသည်။ ၎င်းစာများကို ဖတ်မိသော ငယ်ရွယ်သူများသည် မိမိတို့မှာ ဖြစ်ပျက်ပုံနှင့် ကိုက်၍နေသည်ကို တွေ့ရှိရသောအခါ များစွာ ထိတ်လန့်ကြောက်ရွံ့လျက် ၎င်းတို့၏ ဆေးကို ဝယ်၍စားခဲ့ကြရလေသည်။

အများအားဖြင့် ယောကျ်ားပျိုများမှာ ကိုယ်တိုင်၏ အစွမ်းဖြုန်းတီးခြင်းအဖြစ်ကို မကောင်းတတ်ကြဟု သိရလေသည်။ သို့သော်လည်း 'ကောင်းမှန်းသိ–သာအိတစိုစို' ဟူသော စကားလို ဖြစ်မှသာ စိုးရိမ်ရန်ရှိလေသည်။ အများအားဖြင့် တစ်ခါကြုံဖူးလျှင် ထပ်ခါထပ်ခါ စိတ်ကို ချုပ်တည်းခြင်းမပြုဘဲ လိုက်စားတတ်ကြလေသည်။ သို့ဖြစ်လေရာ မကြုံဖူးသေးသူများသည် ထိုတွင်းထဲသို့ ခြေချော်လက်ချော်မကျဖို့ရန် အပေါင်းအသင်း အနေအထိုင်၌ သတိပြုအပ်ကြလေသည်။ တစ်ခါတစ်ရံ ကြုံဖူးသူများသည်ကား အကျင့်နုခိုက်မှာ ကြိုးစား၍ဖြတ်ကြရမည်။ ဖြတ်နည်းမှာ (အရာဟူသမျှကို ရှောင်ကြဉ်ခြင်း၊ စိတ်၌ မတွေးဘဲနေခြင်း၊ စိတ်ဝင်စားသော အလုပ်တစ်ခုခု

mgyoe.com

mgyoe.com


ကို လုပ်ခြင်းများ ဖြစ်ကြလေသည်။)

ကိလေသာကား စိတ်ကို နှိုးဆွသော အကြောင်းအရာများ စိတ်၌ ပေါ်ပေါက်သည့်အခါ လျင်မြန်စွာ ဖျောက်ဖျက်ပြီး လှည့်ပတ်လမ်းလျှောက်ခြင်း၊ စာဖတ်ခြင်း၊ အားစမ်းခြင်း၊ အလေးမခြင်း၊ လက်ဝှေ့ထိုးခြင်း စသည့် အလုပ်များဘက်သို့ စိတ်က လှည့်၍ ပို့ရလေသည်။ ခုခံတိုက်လှန်၍ နေလျှင်ကား ရှုံးလိမ့်မည်သာတည်း။ အကြောင်းမူကား လူ၏သွေးသားသည် ထိုဘက်သို့ ယိမ်းယိုင်ပြီးဖြစ်လေရာ ထိုအကြောင်းအရာများကို တွေးမိသည့်အခါ ငါ မလုပ်ပါဘူး၊ ဤအကျင့်သည် ယုတ်သောအကျင့်ဖြစ်သည်။ ရှက်ဖွယ်ရာဖြစ်သည်ဟု တွေးတောကာ အဘယ်မျှပင် ခုခံစေကာမူ နောက်ဆုံး၌ စိတ်၏သွေးဆောင်ရာသို့ ဧကန်လိုက်ပါမည်ကား မလွဲပေ။ သို့ဖြစ်လေရာ ခုခံ၍မနေဘဲ ချက်ချင်း အိပ်ရာမှလူးလဲထပြီး ဘောလုံးပွဲသို့ ပြေးခြင်း၊ ရုပ်ရှင်၊ ဟော်ကီ တစ်ခုခုသို့သွားခြင်း စသည့် နည်းမျိုးဖြင့် အားမတန် မာန်လျှော့ကာ ပြေးမှသာ လွတ်ဖို့ရှိလေသည်။

ထိုအရေး၌ ရှေးပထမ မနောက်သည် အရေးအကြီးဆုံးဖြစ်ရာ စိတ်မကောင်းမှုကို လက်ခံလျှင် ကိုယ်ခန္ဓာများ လိုက်ပါရန် ခက်တော့မည် မဟုတ်

mgyoe.com

mgyoe.com


ပေ။ သို့ဖြစ်လေရာ မနောကံကို အထူးရှောင်ကြဉ်အပ်ကြလေသည်။

စိတ်ကို နှိမ်နင်းခြင်း၌ နိုင်စရာရှိလျှင် နောင်ဆက်လက်၍ နိုင်ဖို့ရန် မခက်လှပေ။ သို့ဖြစ်လေရာ ပထမအစမှ စိတ်ကို နိုင်အောင် ခုခံတတ်သော အလေ့ကို ရအောင် ကြိုးစားအပ်ကြလေသည်။

ကာမနှင်းနှင်းဆိုသော စာများကို ဖတ်ရှုမှတ်သား ရှောင်ကြဉ်ရာ နည်းလမ်းများကို သိခြင်းသည် အထူးအရေးကြီးလေရာ ထိုစာများကို ယုတ်ညံ့သည်ဟု စွဲမှတ်ကာ မဖတ်ဘဲနေသော သူများသည် လွန်စွာမှားကြလေသည်။ စစ်စစ်မှာ ထိုအရာသည် ယုတ်ညံ့သောအရာ မဟုတ်ပေ။ သို့ဖြစ်လေရာ လူကြီးမိဘတို့သည် ထိုအကြောင်းနှင့်ပတ်သက်၍ အရွယ်ဝင်စဖြစ်သော သားပျို သမီးတို့အား မသိလျှင် သိအောင် ပွင့်လင်းစွာ သတိပြုအပ်ကြလေသည်။

ငယ်ရွယ်သူတို့ သတိပြုရှောင်ကြဉ်ရန် အချက်တစ်ခုမှာ ကာမအကြောင်း၊ အချစ်အကြောင်းကို တတ်ယောင်ကားနှင့် ဝါကြွားပြောဆိုသူတို့၏ စကားလုံးများကို ယုံမှားကာ အလွဲလွဲအမှားမှား ပြုမူတတ်ခြင်းဖြစ်သည်။

❑

mgyoe.com

mgyoe.com

# မိန်းမ

မြန်မာလူမျိုးတို့၏ စိတ်၌ မိန်းမများသည် ဆိတ်ကွယ်ရာ၌ မကောင်းမှုကို ပြုတတ်သည်ဟူသော အစွဲကြီးတစ်ခုရှိ၏။ ထိုအစွဲအရ မိန်းမဟူက ဖောက်ပြန်ရန် လမ်းအခွင့်သာလျှင် လွယ်ကူစွာဖောက်ပြန်ကြမည်သာတည်း။

ထိုစကားကို ယုံကြည်ခြင်းကြောင့် ဆိတ်ကွယ်ရာ၌ မိန်းမတစ်ယောက်ယောက်ကို အတင်းဗလက္ကာရ ကြံစည်မိကြရာ ငြိမ်သက်စွာ မခံသောမိန်းမမျိုးနှင့် တွေ့ကြလျှင် ပုလိပ်လက်သို့ ရောက်ကြရလေသည်။ ဤနည်းမျိုးဖြင့် ဘေးဒုက္ခတွေ့ရသူတို့သည် မိန်းမမှန်က အခွင့်သာလျှင် ရသည်ဟု ပြောကြသောစကားများကို ယုံမှားသူများ ဖြစ်ကြလေသည်။

မိန်းမများ၏ ကိလေသာ ကာမစိတ်သည်

mgyoe.com

mgyoe.com


ယောကျ်ားများထက် မပို၊ ယောကျ်ားများထက် မလို၊ တချို့မှာ ယောကျ်ားထက် နည်း၏။ သို့သော်လည်း ယောကျ်ားများ၏ ဓမ္မတာကိစ္စကို ဆောင်သူဖြစ် သဖြင့် မိမိတို့အလိုသို့ မိန်းမများထက် ပိုမိုလျင်မြန် ရာရောက်ပြီး အေး၍နေတတ်လေရာ မိန်းမများမှာ ကား ထိုကဲ့သို့ မပြီးမြောက်သဖြင့် မပြည့်ဝသောအလို သည် အမြဲတောင့်တလျက် ရှိနိုင်လေသည်။

တချို့မိန်းမများမှာ ကာမဆန္ဒသည် ဒီရေသဖွယ် အချိန်အခါနှင့် ပေါ်တတ်သည်ဟု ပြောကြလေသည်။ ထိုစကားမဟုတ်ပေ။ မိန်းမများမှာ ထိုစိတ်သည် ယောကျ်ားများကဲ့သို့ အချိန်မရွေး ရှိမြဲဖြစ်လေသည်။ တိရစ္ဆာန်များမှာသာ အချိန်အခါအတိုင်း ဖြစ်လေ သည်။ သို့သော်လည်း မနုဿလူမိန်းမများမှာ အမြဲရှိ နေသည့်ထက် ထူးကဲ ပိုမိုတောင့်တသည့်အခါများ ရှိနိုင်လေသည်။ ထိုအခါများမှာ ယောကျ်ားနှင့် တွေ့ ကြုံပြီးနောက် ကိစ္စမပြီးမမြောက်ရှိခဲ့ပြီးစအခါ ထို စိတ်နိုးဆွသည့်အပဖြစ်သော အကြောင်းတစ်ခုခု တွေ့ ကြုံသောအခါနှင့် ဓမ္မတာဥတု ရာသီအချိန်ကို အခြေ ပြုလျက် တက်ကြွသည့်အခါများ ဖြစ်ကြလေသည်။

ထိုကဲ့သို့ ဖြစ်ပျက်နေသည်ကို ယောကျ်ားများ လွယ်ကူစွာ မသိနိုင်ပေ။ လင်ယောကျ်ားဖြစ်သူများ

mgyoe.com

mgyoe.com


သာ အခါတိုင်းထက် ထူးသည့်အတွက် သိနိုင်လေသည်။

သို့ပင် မိန်းမများမှာ ထိုစိတ်သည် အမြဲရှိနိုင်သော်လည်း မိမိ၏သန္တာန်မှာ ထိုဌာနကို အဖိုးတန်ဟု စွဲမှတ်ယုံကြည်ကာ ဣန္ဒြေရှင်ပီသစွာ စောင့်ရှောက်လိုသော စိတ်၊ အပေါ်စားပြုရမှာကို နှမြောသောစိတ်၊ မိမိကိုယ်ကို ယုတ်ညံ့ခြင်းအဖြစ်သို့ ရောက်၍သွားမှာ စိုးသောစိတ်၊ ဤစိတ်များသည် တချို့သော မိန်းမများမှာ လွန်စွာခိုင်လုံသော အစောင့်အရှောက်များ ဖြစ်ကြလေသည်။ မိန်းမသည် ဣန္ဒြေရှင် ဖြစ်ရုံမက မာနလည်းကြီးသော လူမျိုးဖြစ်ရာ ထိုမာနပင်လျှင် မိမိတို့ကိုယ်ကို စောင့်ထိန်းသော ကိုယ်ရံအကြပ်သဖွယ် ဖြစ်နိုင်ပေသည်။ သို့ဖြစ်လေရာ မိန်းမများ အပေါ်၌ အထင်အမြင် ထိုမျှလောက် မသေးအပ်ကြ။ မိန်းမမှန်သမျှကို ငါ့နှမ၊ ငါ့မိခင်နှင့် အတူတူပဲ ဟူသော မြင့်မြတ်သောစိတ်ကို ထားအပ်ကြလေသည်။ မိန်းမများကို ရှုတ်ချသောလူမျိုးသည် အထက်တန်းစား ဖြစ်ဖို့ရန် ခက်လေသည်။

အကြောင်းမူကား လူမှန်သမျှ မိန်းမ၏ရင်ခွင်ကို မှီ၍ကြီးရလေရာ မိန်းမများကို အယုတ်မာမျိုးဟု အားလုံးက စွဲမှတ်သောအခါ မိန်းမများ၏စိတ်၌လည်း ထို

mgyoe.com

mgyoe.com


အစွဲ ကူးစက်လျက် မိမိတို့ကိုယ်ကို ပိုမိုမြင့်မြတ်အောင် လုပ်ဖို့ မကြိုးစားဘဲ နေတတ်လေသည်။ မိန်းမယုတ်အနည်းငယ်တို့ကြောင့် မိန်းမဟူသမျှကို အယုတ်မာဟူ၍ သဘောမထားအပ်ပေ။ ပြည့်တန်ဆာမပင်ဖြစ်စေကာမူ အဘယ်ပုံဖြစ်လာသည်ကို သိကြရလျှင် တခြားမိန်းမများထက် ပိုမိုယုတ်ခြင်းကြောင့် ပြည့်တန်ဆာဖြစ်ရသည် မဟုတ်။ ကံအကြောင်း မကောင်းသဖြင့် ဖြစ်ရသည်များကို တွေ့ရှိနိုင်လေသည်။

သို့ဖြစ်လေရာ အမျိုးသားကလေးများ၏ စိတ်၌ အမျိုးသမီးကလေးများအပေါ် ရှုတ်ချသော စိတ်ကို မထားဘဲ ကူညီရိုင်းပင်းရန် လမ်းအခွင့်ပေါ်သည့်အခါ ကူညီစောင်မလိုသောစိတ်ကို အမြဲမွေးမြူအပ်ကြလေသည်။

ကာမရာဂစိတ်အားကြီးတိုင်း ပြည့်တန်ဆာ မဖြစ်နိုင်၊ ကာမရာဂစိတ် တခြားမိန်းမ တချို့လောက် မကြီးဘဲလျက်လည်း ပြည့်တန်ဆာ ဖြစ်နိုင်လေသည်။ ပင်ကို၊ စိတ်ရင်းကိုယ်တိုင်က ယုတ်အားကြီးသဖြင့် ထိုမကောင်းသောအလုပ်ကို လုပ်သော မိန်းမတချို့လည်း ရှိကောင်း ရှိပေလိမ့်မည်။ အများအားဖြင့်ကား အကြောင်းရင်းတစ်ခုခုကြောင့် ဖြစ်တတ်ကြလေ

mgyoe.com

mgyoe.com


သည်။

ရိုင်းစိုင်းသောလူမျိုးသည် မိန်းမကို ရှုတ်ချကြ၏။ တောတောင်မှာနေကြသော အရိုင်းအစိုင်းတချို့မှာ မိန်းမများကို ခိုင်းစေသော အိမ်တိရစ္ဆာန်များလောက် သဘောထားကာ ခိုင်းဖို့နှင့် မိမိတို့အလိုဖြည့်ဖို့ဟု သဘောထားကြလေသည်။

အာရှတိုင်းသားများမှာလည်း မိန်းမကို နိမ့်ရာ၌ ထားကြ၏။ သွားလာရာ၌ မိန်းမများမှာ နောက်လိုက်ရ၏။ မြင်းရထားမှာ မိန်းမကိုအရှေ့၌ ထိုင်ခိုင်းကြလေသည်။

ဥရောပတိုင်းသားများသည်ကား မိန်းမများကို အထူးလေးစား ဂရုပြုကြသည်ကား အမေမျိုးဟူသော သဘောအတိုင်းဖြစ်လေရာ မိခင်နှင့်နှိုင်းစာသော စိတ်ကြောင့် ဖြစ်လေသည်။

သို့ဖြစ်လေရာ မိန်းမများကိုယ်တိုင်ကလည်း မြှောက်စားခြင်းခံရသော မိမိ၏အခြေအနေနှင့် ထိုက်အောင် ကြိုးစားကြလေသည်။ သို့ဖြစ်သောကြောင့် လိမ္မာသော မိခင်တွေများကြလေသည်။ ဥရောပမိခင်များသည် မြန်မာ၊ ကုလား၊ တရုတ်မိခင်များထက် အများအားဖြင့် လိမ္မာကြ၏။ လိမ္မာသောမိခင်၏ ရင်ခွင်၌ ကြီးရသော လူမျိုးသည်လည်း မလိမ္မာသော

mgyoe.com

mgyoe.com


မိခင်များ၏ ရင်ခွင်၌ ကြီးရသော လူမျိုးထက် လိမ္မာကြမည်ကား အထူးပြောဖို့ မလိုပေ။

❑

mgyoe.com

mgyoe.com

# အချစ်

အချစ်သည် လောကကြီးတစ်ခုလုံးကို ဖွဲ့စည်းတည်ထောင် ခိုင်ခံ့တိုးပွား ကြီးမားပြန့်ပြောခြင်းကို ဖြစ်စေသော သတ္တိဖြစ်လေရာ လူမှန်သမျှမှာ ထို အချစ်ကို ခွဲခွာမရအောင် ပါရှိလေသည်။

အချစ်သုံးမျိုးရှိ၏။ ထောင့်ငါးရာ၊ ငါးရာ နှစ်ဆယ့်ရှစ်၊ အကျိုးစီးပွား ဤသုံးပါး ဖြစ်လေသည်။

ပထမ၊ ဒုတိယကို လူတိုင်းသိ၏။ အကျိုးစီးပွား မှာ ထောင့်ငါးရာနှင့်လည်း မဆိုင်၊ ငါးရာ့နှစ်ဆယ့် ရှစ်ကိုလည်း မပတ်သက်၊ တစ်ဦး၏အကျိုးကို တစ်ဦးဆောင်သဖြင့် ခင်မယ်တွယ်တာသော အချစ် ဖြစ်လေသည်။

သူငယ်ချင်း၊ အိမ်နီးချင်းများ ချစ်ခြင်းသည် ထိုနည်းမျိုးဖြစ်လေရာ တစ်ယောက်အပေါ်၌ တစ်

mgyoe.com

mgyoe.com


ယောက် မကောင်းကျိုးကို လိုလားသည်နှင့်တစ်ပြိုင်နက် ထိုအချစ် ပျက်ပြယ်လေသည်။

သားသမီးကိုချစ်သော မိဘ၏အချစ်သည် ထိုနည်းမျိုးဖြင့် လွယ်ကူစွာ မပြတ်နိုင်ပေ။

ထောင့်ငါးရာအချစ်မှာလည်း တစ်ယောက်က မုန်းလျက်ပင် နေစေကာမူ ချစ်မိသူမှာ ပြန်၍မမုန်း၊ သန့်သန့် ချစ်တတ်လေသည်။

သားချင်းပေါက်ဖော် ဆွေမျိုးများမှာပင် တစ်ယောက်ကိုတစ်ယောက် မုန်းအောင်လုပ်လျှင် မုန်းလွယ်ရာ ၎င်းတို့၏အချစ်သည် တတိယအချစ်ဘက်သို့ နီးစပ်လေသည်။ သူငယ်ချင်းနှစ်ယောက် ချစ်ရာ၌ တစ်ယောက်က နာအောင်လုပ်၍ ပြန်၍မနာနိုင်သော အချစ်မျိုး ရှိတတ်၏။ ထိုအချစ်မျိုးမှာ နီးစပ်အားကြီးသဖြင့် ထောင့်ငါးရာသော်လည်းကောင်း၊ ငါးရာနှစ်ဆယ့်ရှစ်သော်လည်းကောင်း ဖြစ်၍ နေတတ်လေသည်။ ယောကျ်ားချင်း မိန်းမချင်းလည်း ထောင့်ငါးရာ သက်ဝင်နိုင်လေသည်။

သို့သော်လည်း ဤကျမ်းမှာ အချစ်ကျမ်းမဟုတ်သဖြင့် အကျယ်ပြဖို့ မလိုပေ။

ယောကျ်ားကလေးများသည် အရွယ်ဝင်၍လာသောအခါ အချစ်သည် အစာကိုရှာသဖြင့် အချစ်ကို

mgyoe.com

mgyoe.com


မတွေ့ရသေးက စိတ်ထဲ၌ မပြည့်စုံ၊ တစ်စုံတစ်ရာ လစ်ဟင်းသလို ဖြစ်နေတတ်လေသည်။

တချို့မှာ ထိုကဲ့သို့ ဖြစ်သည့်အခါ ရည်းစားကလေး ဘာကလေးရှိရင် ပျော်မှာပဲဟု အောက်မေ့ကာ တွေ့အောင် ရှာတတ်ကြလေသည်။

ရှေးပထမ သားမယားယူမည်ဟု စိတ်အကြံနှင့် ရှာခြင်းမဟုတ်၊ အသစ်အဆန်းမို့ သိလိုသောစိတ်ကြောင့် ဖြစ်တတ်လေသည်။

ထိုကဲ့သို့ ဖြစ်သည့်အခါ မိမိမှာ သားမယားယူအပ်သော အခြေအနေလည်း ရှိအံ့၊ မယူဘဲ မနေနိုင်အောင် အသွေးအသားမှာ ထကြွသောင်းကျန်း၍နေသည်လည်း ဖြစ်အံ့၊ အရွယ်ရောက်လျှင် မိမိသဘောကျနေသော မိန်းကလေးတစ်ယောက်ယောက်ကို ရှာ၍ ယူရမည်။ အကျိုးမဲ့အောင်နေခြင်းသည် ကျန်းမာရေးကို ထိခိုက်တတ်၏။ မတော်တဆအရှက်ကွဲ အကျိုးနည်း ဖြစ်စေတတ်သော အမှုကို ပြုမိတတ်လေသည်။

တချို့သော ယောကျ်ားကလေးများမှာ စိတ်၌ကိလေသာ နိုးကြားလျက် မခံမရပ်နိုင်အောင် ရှိနေပါလျက် အရှက်ကြီးပြီး မိန်းကလေးများလို ဣန္ဒြေရှင်လုပ်၍ နေတတ်ကြလေသည်။

mgyoe.com

mgyoe.com


ဤကဲ့သို့နေခြင်းသည် များစွာ မှားယွင်းလေသည်။ လောကမှာ လူလုပ်တော့မည်ဟု စိတ်ကို တုံးတုံးချလျှင် တာဝန်ကို မကြောက်အပ်ပေ။ အိမ်ထောင်သည် တာဝန်ဖြစ်၏။ တာဝန်သည် အသိအလိမ္မာအမြော်အမြင်နှင့် သတ္တိစွမ်းရည်မှစ၍ ကောင်းမြတ်သောအရည်အချင်းတို့ကို တိုးတက်စေလေသည်။ တချို့မှာလည်း ချစ်ခင်သူ ပေါများသော လူပျိုကလေးဘဝကို နမြောသဖြင့် မယူဘဲ နေတတ်ကြလေသည်။ ထိုကဲ့သို့ နေသူများမှာ မတော်တဆ စွန့်စားသော မိန်းမတစ်ယောက်ယောက်နှင့် တွေ့တတ်လေရာ မတော်သောမိန်းမနှင့် ဖြစ်မှာစိုးရလေသည်။

အရုပ်ဆိုး မပြတ်နှင့်ဟူသော စကားရှိလေသည်။ တချို့သောယောကျ်ားကလေးများမှာ တကယ်ယူဖို့ မကြံဘဲလျက် အရုပ်ဆိုးတစ်ယောက်ကို အပျင်းပြေ စမ်းလေရာ အရုပ်ဆိုးမက အပါအရ ကြံတတ်သဖြင့် ငြိတတ်လေသည်။

တချို့မှာလည်း အိမ်ထောင်ပြုအပ်သော အခြေအနေမရှိသေးဘဲလျက် အပျင်းပြေ မိန်းကလေးများနှင့် အရောဝင်မိသည့်အတွက် ကြီးပွားရေးလမ်းမှာ မိန်းမဝင်၍ ကာဆီးသလို၊ ခြေကို ဆွဲချသလိုဖြစ်ကြ

mgyoe.com

mgyoe.com


ပြီး အရှည်သဖြင့် ဆင်းရဲတတ်ကြလေသည်။

တချို့မှာ မိန်းမယူမှ ကြီးပွားရာ မိန်းမ မရှိလျှင် ပေါ့ပေါ့ဆဆနေတတ်ကြလေရာ ယင်းတို့မှာ အုပ်ထိန်းသူ ကာမပိုင်မိန်းမရှိမှ တင့်တယ်လေသည်။ ရှိသင့်သောအရွယ်၌ မရှိဘဲနေသဖြင့် ဟိုင်းသောအခါကျမှ ရရှိသည့်အခါ တာဝန်၌ကျင့်သားမရ။ အိမ်ထောင်မှုအတတ်၌ ခွေးအိုကြီး လက်ပေးသင်သကဲ့သို့ ဖြစ်တတ်လေသည်။ အိမ်ထောင်ပြုခြင်းအလုပ်သည် လခစား၊ စာရေးစာချီအရာရှိ အလုပ်တစ်ခုခုကို လုပ်ရသည်လောက် မလွယ်ပေ။ စာရေးမှာ ကလောင်တံကလေးနှင့် ထိုင်၍ ရေးဖို့သာရှိ၏။ အိမ်ထောင်ပြုသောယောကျ်ားမှာ ကလောင်အလုပ်မျိုးလောက်နှင့် မပြီး။ မိမိကိုယ်ကို အားကိုးကာ အခက်အခဲဟူသမျှ ဖွဲသန်သန်နှင့် ဒူးနှန့်ဖို့ရန် လေ့ကျင့်ခန်း လိုလေရာ ဆားဗစ် အမှုထမ်းလိုသဖြင့် မျက်စိလည် လမ်းမှားချောက်ကမ်းပါးကျတတ်လေသည်။ ငယ်ငယ်ရွယ်ရွယ်ကစ၍ အစဉ်အမှုထမ်းသူမှာ စောစောစီးစီးကပင်စင်ရ ဒူးနှန့်၍ နေနိုင်၏။ ကြီးမှ အမှုထမ်းရသူမှာ အိုသည့်တိုင်အောင် တကုန်းကုန်း လုပ်ရလေသည်။ အမှုထမ်းကြ၍ လေ့ကျင့်ခန်း ရသူတို့မှာ ကျင့်သားရလျက် ရေစုန်စီး၍ ရွက်ကလေးနှင့် အေးအေးလူလူ

mgyoe.com

mgyoe.com


သွားနေသည်ကို မြင်ရသောအခါ ကျင့်သားမရသူမှာ ရေကြောလေကြော နားမလည်သဖြင့် ထိုးဝါးကိုသာ အားပြုကာ အိမ်ထောင်တည်းဟူသော လှေကြီးကို ထိုးရတတ်လေသည်။

အကယ်၍ လူကြီးမိဘက သင့်တော်သည်ဟု မိမိတို့သဘောကျရာနှင့် စီမံနေရာချထားဖို့ ကြံကြလျှင် ထရုးလပ်ဖ် တကယ့်အချစ်ဟူသော စကားအကြောင်း တစ်စုံတစ်ရာ တွေး၍နေဖို့ မလို။ သင့်–မသင့်၊ လျော်– မလျော် ကို မိမိကိုယ်တိုင်သိအောင် စုံစမ်း၍ သင့်လျှင် မိဘစကား နားထောင်အပ်လေသည်။ အချစ်မှာကား တွေ့ကြုံရသောအခါ ပေါ်လာရမည်ဖြစ်လေသည်။

စင်စစ်မှာ တကယ့်အချစ်ဟူ၍ မရှိ။ ချစ်နေသောအခိုက်သာ တကယ့်အချစ် ရှိ၏။ မုန်းသောအခါ၌ တကယ့်အမုန်းဖြစ်လေသည်။ အင်္ဂလိပ်စာတတ်သော ငယ်ရွယ်သူများသည် ဤအရာ၌ အင်္ဂလိပ်ဝတ္ထုတွေကိုဖတ်ကာ ဥရောပတိုင်းသားတို့၏ အမှားတော်ပုံကြီးထဲသို့ ဝင်၍ တိုးချင်နေကြလေသည်။ အင်္ဂလိပ်စာထဲမှ တွေ့ရသမျှကို ဟုတ်သည်ဟု မှတ်ထင်နေသော ဘီအေ– အမ်အေတွေ များစွာရှိကြလေသည်။ မိမိကိုယ်တိုင်ကလည်း ချစ်၊ မိန်းမကလေးကလည်း ချစ်၊

mgyoe.com

mgyoe.com


လူကြီးမိဘများက သဘောကောင်း၊ ရွှေတွေ ငွေတွေကလည်း တောင်းတိုင်းရ၊ မိတ်သင်္ဂဟကလည်းပေါများ၊ နတ်သမီး နတ်သားကလေးများလိုလည်း ချောမောလှပကြမည်ဆိုလျှင်ကား အတိုင်းထက်အလွန်သင့်မြတ်ပေမည်။ သို့သော်လည်း ဤမျှလောက် စုံလျှင် နတ်များပင် မနာလိုသဖြင့် တစ်ခုခုဖြစ်မှာ များစွာပင်စိုးရိမ်ရလေသည်။ အကြောင်းမူကား လောကမှာ အကောင်းချည်းသာ စုဝေးလေ့မရှိ၊ အဆိုးဖက်မြဲ ဖြစ်လေသည်။

အနိစ္စသဘောမှ တကယ့်အချစ်လည်း မလွတ်နိုင်ပေ။ သို့ဖြစ်လေရာ ဥရောပတိုက်သားများ အယူပြုသော အချစ်အိမ်ထောင်ရေး၌ အရေးကြီးဆုံးဟု စွဲမှတ်ကြသော အချစ်သည် မမြဲရုံသာမက အချစ်ကြောင့် အပြစ်မမြင်ကြဘဲ တစ်ယောက်ကို တစ်ယောက် နတ်သမီး နတ်သားများလို ထင်မှတ်၍ နေကြရာ တဖြည်းဖြည်း ရွှေရည်စိမ်မှန်း သိကြသောအခါ အကြီးအကျယ်စိတ်ပျက်ဖွယ် ဖြစ်လေသည်။

အချစ်သည် လောက၌ ချစ်စရာအကောင်းဆုံးသော အရာဖြစ်၏။ ချစ်ကြိုက်၍နေသော မိန်းကလေး၊ ယောကျ်ားကလေးတို့၏ အမူအရာမှာ အချစ်အရောင်ပြေးလျက် တခြားသူများ၏ မျက်စိမှာ

mgyoe.com

mgyoe.com


ပင် ချစ်ဖွယ်သနားဖွယ် ဖြစ်တတ်လေသည်။ မယုံလျှင် စုံစမ်း၍ကြည့်ရန်မှာ မိန်းမပျိုလေး တစ်ယောက်မှာ ချစ်သူမပေါ်မီက ရုပ်နှင့် ချစ်သူပေါ်ပြီးသည့်နောက်ရုပ်ကို နှိုင်းယှဉ်၍ကြည့်လျှင် ခြားနားခြင်းကို သိသာစွာ တွေ့နိုင်လေသည်။ ထိုအခါ ချစ်သူအချင်းချင်းတို့မှာ အဘယ်မျှလောက် အချစ်၏ လှည့်စားခြင်း ခံရမည်ကို အထူးပြောစရာမလိုပေ။

တချို့မှာ မိန်းမတစ်ယောက်မြင်ရုံနှင့် အရူးအမူးချစ်ကြိုက်တတ်၏။ တချို့မှာ အစဋ္ဌ မချစ်ဘဲ နီးစပ်မှ ချစ်တတ်လေသည်။

တချို့လည်း မိန်းမပျိုလေးတစ်ယောက်က သနားကမားရှိသည်ကို သိ၏။ သို့သော်လည်း ချစ်ကြိုက်လိုသောစိတ် မပေါ်ပေါက်ခဲ့ပေ။

သို့သော်လည်း ၎င်း၏အခြေအနေကို မက်သဖြင့်တစ်ကြောင်း၊ တခြားအကြောင်းတစ်ခုခုကြောင့်တစ်ကြောင်း သူ့ကိုပဲ ယူပါတော့မယ်လေဟု စိတ်ကို ချလိုက်သောအခါ ချစ်စရာတွေ မက်စရာတွေ မျက်လုံးထဲမှ မထွက်ဘဲ စွဲ၍နေသည့် အထက်ဆင်နီနီကလေး၊ ထဘီနား ပန်းခက်ကလေးများနှင့် ရွှေခြေချင်း၊ ခြေမျက်စိ၊ ဆံပင်ကလေး ကပိုကရို ချလိုက် ဦးခေါင်းကို လက်တစ်ဖက်နှင့် နှိုက်ကာ စမ်းကာ

mgyoe.com

mgyoe.com


လာပုံ၊ အိမ်လှေကားကို အပြေးကလေး တက်သွားရာမှ နောက်ကိုလှည့်ကြည့်ပြီး သူငယ်ချင်းတစ်ယောက်ကို လျှာထုတ်ကာ မျက်လုံးမှိတ်ကာ ပြောင်ပြသွားသော ပုံစံ စသည့် အချက်အလက်ကလေးများသည် လှပသော ပန်းစည်းပန်းခိုင်ကလေးများပမာ နှလုံးကို ချိတ်တွယ်တတ်လေသည်။ တချို့များမှာ မကြည့်ချင်လောက်အောင် သေသေချာချာ မှန်း၍ တားတာကြီးများကိုပင် စွဲမက်လျက် တစ်ခဲနက်သော အချစ်၏ အရသာကို မြို့တတ်ကြလေ၏။

အိမ်ထောင်ပြုရန် အကောင်းဆုံးသော အရွယ်သည်ကား ယောကျ်ားမှာ အသက်အစိတ်ဟု ပြောကြ၏။ မိန်းမမှာ မိမိထက် အနည်းငယ် ငယ်လျှင် ကောင်းသည်ဟု ပြောကြလေသည်။ သို့သော်လည်း အဘယ့်ကြောင့် ထိုသို့ပြောသည်ဟု အကြောင်းလုံလောက်စွာ မပြနိုင်ကြပေ။

၎င်း၏အရွယ်မှာ စဉ်းစားဆင်ခြင်တတ်သော အရွယ်ဟု မှတ်ထင်တတ်ကြသောကြောင့် ဖြစ်ပေလိမ့်မည်။

ထိုစကားများသည် ပရမတ္ထ သဘောတရားဟု စွဲမှတ်ခြင်းမပြုအပ်ပေ။ အဘယ်ပုဂ္ဂိုလ်ကြီးကပင် ပြောစေကာမူ သဘောဟုတ်မှန်၏ ဤအရာမျိုး၌

mgyoe.com

mgyoe.com


မည်သူ၏ အပေါ်ကိုမျှ မယုံနိုင်ပေ။

ကျွန်ုပ်၏ညီတစ်ယောက်မှာ မိမိထက် ဆယ်နှစ်လောက်ကြီးသော မိန်းမကို ယူ၏။ ယခု သားသမီးတွေ ကြီးလျက် ဘိအေကို ရောက်ကြသော်လည်း ၎င်းတို့၏ မိခင်မှာ မအိုသေး၊ ကျွန်ုပ်၏ညီမှာသာ အဘိုးကြီး ဖြစ်၍နေ၏။ ၎င်းမှာ ကံစွပ်မိလေရော့သလားမသိရ၊ ထိုမိန်းမနှင့် မတွေ့ရဘဲ တခြားမိန်းမ တစ်မျိုးမျိုးနှင့် တွေ့ချေက ယခုလောက် ကိုယ်စိတ်နှစ်ဖြာချမ်းသာစွာ သားသမီးကောင်းတွေ အပြုံင်အဆိုင်အစုံအညီနှင့် တင့်တင့်တယ်တယ် နေနိုင်ဖွယ်ရာမရှိသောအကျင့်မျိုးတွေ မကင်းသူ ဖြစ်လေသည်။

ထုံးစံအားဖြင့် ယောကျ်ားနှင့်မိန်းမ ရွယ်တူဖြစ်လျှင် အသက်လေးဆယ်ကျော်သည့်အခါ မိန်းမမှာ အမယ်ကြီးဖြစ်၍ ယောကျ်ားမှာ ဘိုကေသာသာမျှ ရှိနေတတ်သော်လည်း တချို့သော မိန်းမမျိုးသည် သေသည့်တိုင်အောင် မအိုဘဲ နေတတ်ကြလေရာ ကိုယ်ခန္ဓာအနေအထားအချိုးအစားသည် အသက်ထက် အရေးကြီးလေသည်။ အမှည့်က တဝင်းဝင်းအကင်းတပြိုက်ပြိုက်ဟူသော စကားအရ အသက်ကြောင့် ကြီးရမည်ငယ်မည် မဟုတ်ပေ။ အသက်မကြီးသေးဘဲနှင့် ရောဂါရပြီး ရှုံ့နှာရှိုက်ကုန်း အဘိုး

mgyoe.com

mgyoe.com


ကြီး အမယ်ကြီး ခါးကုန်းကလေးတွေလည်း ရှိကြလေသည်။

တချို့မှာ အသက်ကြီးစေကာမူ အသွင်မှာ မကြီးပေ။ လူအိုလျှင် အသက်ပင်မကြီးစေကာမူ စိတ်လည်း အို၍လိုက်၏။ လူပျိုလျှင် အသက်ပင်ကြီးစေကာမူ စိတ်လည်း ပျို၍လိုက်၏။ စိတ်ပျို၍ ကခြင်း သီခြင်းသည် ကလက်ခြင်းမဟုတ်၊ ရှက်ဖွယ်သော၊ ယုတ်သောအမှုကို ပြုမှသာ ကလက်သည်ဟု ဆိုအပ်ပေသည်။ သို့သော်လည်း ငွေရှိလျှင် အဘယ်ခေတ်မှာမဆို ကလက်ခွင့်ရ၏။ ယခုခေတ်မှာသာ မဟုတ်ပေ။ တက်ကပ်မှာလည်း ထို့အတူ ဖြစ်ရပေမည်။ ငွေ၏တန်ခိုးကို ဆုတ်ကပ်ရော တက်ကပ်ရော အသိအမှတ်ပြုရလေသည်။

အိုသည်ဖြစ်စေ၊ ပျိုသည်ဖြစ်စေ၊ မကောင်းမှုကိုရှောင်သူ၊ တစ်ပါးအကျိုးယုတ်စေခြင်းကို မပြုက ကလက်ခြင်းသည် စိတ်ပျိုခြင်းတစ်မျိုးဖြစ်လေရာ စိတ်ပျိုခြင်းသည် ကိုယ်နှုရုံသာမဟုတ်၊ ယောကျ်ား-မိန်းမဟူသမျှ၏ အချစ်ကို ရရှိနိုင်လေသည်။ ယုတ်ညံ့သောအမှုကိုကား လူရှေ့မှာသာ မဟုတ်၊ ဆိတ်ကွယ်ရာ၌ မိမိကိုယ်ကို မိမိ ရှက်ကာ ရှောင်ကြဉ်ရမည်။ မိမိကိုယ်ကိုမိမိ ရှက်သောသူသည် Self-respect ခေါ်

mgyoe.com

mgyoe.com


မိမိဂုဏ်ကို နှမြောသောစိတ် ကြီးမားသူဖြစ်လေရာ ထိုကဲ့သို့သောအရှက်သည် အလွန်မြင့်မြတ်သဖြင့် ထို အရှက်သည် တန်ခိုးအရှိန်အဝါဩဇာနှင့် Will Power ခေါ် စိတ်၏တန်ခိုးကို အမြဲတိုးစေသော သတ္တိဖြစ်လေသည်။

သိသာသိစေ၊ မမြင်စေနှင့်ဟူသော စကားပုံကို အမြဲအယူမရှိအပ်ပေ။ ရှေးစကားဖြစ်သော်လည်း ထို စကားကို အလွဲယူမိချေက မကောင်းမှု ဒုစရိုက်များကို ပြုလုပ်ကျူးလွန်က လူမသိလျှင် ကောင်းသည်ဟု စွဲမှတ်ကြမှာ စိုးရလေသည်။ လူတို့၏ဓမ္မတာဖြစ်၍ မကင်းနိုင်။ မလွဲသာသဖြင့် ပြုလုပ်ရသော လူသူ လေးပါး မမြင်အပ်သောကိစ္စများ ရှိသည်ကား မှန်ပေ သည်။

မရိုးသားသော အမှုတို့ကိုလည်း လူမမြင်သဖြင့် စိတ်ချလုံခြုံသည့်အတွက် မပြုအပ်ပေ။ မလုံ၍ ပေါ် သူတို့မှာ လုံသည်ဟု မှတ်ထင်ပြုကျင့်မိသူများ ဖြစ် ကြလေသည်။

□

mgyoe.com

mgyoe.com

# ငယ်သူစိတ်

ငယ်ရွယ်သူတို့သည် ချစ်လွယ်၏။ သနားလွယ်၏။ လူကြီးများထက် ရက်စက်သောစိတ် ရှိတတ်လေသည်။

သားသမီးမရှိသော ကျောင်းဆရာ လူပျိုကလေးသည် ကလေးများကို သားသမီးရှိသော ဆရာကြီးများကဲ့သို့ မညှာတတ်၊ နာကျင်စွာ ရိုက်နှက်တတ်လေသည်။

အသက်ကြီးသူများ မပြုရက်သောအမှုများကို ငယ်သူများ ပြုမိတတ်လေသည်။ ရက်စက်ခြင်း၊ ကြမ်းကြုတ်ခြင်းသည် လူကို နိမ့်ကျသော အဆင့်သို့ ရောက်စေသော စိတ်များ ဖြစ်လေသည်။ မုန်းခြင်းသည်လည်း လူငယ်များမှာ လူကြီးများထက် ပိုတတ်လေသည်။

mgyoe.com

mgyoe.com


ငယ်ရွယ်သူများသည် ဤအချက်ကို အထူး သတိထားပြီး သားသမီးရှိသော လူကြီးများ၏ စိတ် နေသဘောထားပုံကို ရအောင် သတိပြုကြမည်ဆို လျှင် လတ်ဆတ်ပျိုမျစ်ခြင်းမှာ အိုသူတို့၏ ကြင်နာ ခြင်းနှင့် ရောစပ်လျက် အထူးချစ်စဖွယ်ကောင်းပါ လိမ့်မည်။

သူငယ်များသည် လူကြီး၏ အမူအရာကို မယူ ကောင်းဟု ပြောကြသော်လည်း လူကြီးများ၏ ကောင်းမြတ်သော အမူအရာများသည်ကား မိမိတို့၏ သန္တာန်နှင့် ဟပ်မိသည့်အခါ အထူးကျက်သရေ ရှိနိုင် လေသည်။

ငယ်သူတို့သည် အလိုမပြည့်သည့်အခါ မျက်နှာ ပြောင်းလဲသုန်မှုန်ကာ မိမိတို့၏ကိုယ်ကိုသာ သိတတ် ကြလေသည်။

ဤနည်းသည် အမယ်ကြီးများမှာ ရှိတတ်သော နည်းဖြစ်လေရာ လတ်ဆတ်နုပျိုသော ယောကျ်ားပျို ကလေးများမှာ ထိုအမူအရာရှိခြင်းသည် အမယ်အို၏ ထဘီဝတ်၍ ပြခြင်းနှင့် များစွာတူလေသည်။

လူလားမြောက်စအရွယ်သည် လှုပ်ရှားခြင်းများ သောအရွယ်ဖြစ်လေသည်။ ကာမသွေး အရှိန်ပြင်း သောအခါဖြစ်လေသည်။

mgyoe.com

mgyoe.com


ထိုအခါ၌ စိတ်လက်ကြည်ကြည်ဖွယ်ရာ အကြောင်း အမျိုးမျိုးတွေနှင့် တွေ့တတ်လေသည်။ လူကြီးများ၏ အထင်လွဲခြင်းကိုလည်း ခံရတတ်လေရာ လူကြီးများ မတရားဘူးဟု စွဲမှတ်စိတ်နာလျက် ငါဘယ်လိုကောင် ဆိုတာ ပြလိုက်မယ်ဟူသော စိတ်ကလေး ဆွဲဆောင် ရာကို လိုက်ပါလွင့်ပါး လွဲမှားသောအဖြစ်သို့ ရောက် တတ်လေသည်။

အခါများစွာ အိမ်မှာထက် ဘယ်မှာမဆို ကောင်း မှာပဲဟု မှတ်ထင်၍ သွားတတ်ကြလေရာ၊ ဒုက္ခဆင်းရဲ တွေ့၍ မိဘမှာ ငွေကုန်ကြေးကျဖြစ်ကာမှ လောကမှာ မိဘဆိုတာမှ အဆွေခင်ပွန်းအစစ်ပါတကားဟူသော အသိနှင့် နောင်တရတတ်လေသည်။ တချို့မှာ နောင်တရသော်လည်း အကျိုးမရှိတော့ပေ။

မိဘများ ငါတို့လောက် မသိဟူသော အစွဲကြီး တစ်ခုသည်လည်း မကောင်းကျိုးများကို များစွာဖြစ် လေသည်။ လူကြီးများမှာ ကိုယ်တွေ့တွေများစွာ ရှိကြ လေရာ ငယ်သူမှာ ပညာတွေ အဘယ်မျှပင် တတ်စေ ကာမူ လူကြီးများ၏အသိကို မမီနိုင်သော အချက် များစွာ ရှိကြလေသည်။ ထိုအချက်များမှာ အရွယ်က သင်ပြမှ သိသောအချက်များ ဖြစ်ကြလေသည်။ အကယ်၍ လူကြီးများ အထင်မှားလျှင် မှားသော

mgyoe.com

mgyoe.com


အထင်မဟုတ်ကြောင်း မြဲ့ရှု၍မနေဘဲ ဖွင့်၍ ပြောရလေသည်။ အများအားဖြင့် သားနှင့် အဘ၊ သမီးနှင့်မအေတို့မှာ ငယ်စဉ်အခါကစ၍ အရောတဝင် ပြောရဲဆိုရဲဖြစ်အောင်နေခဲ့ကြချေက ပြောဖို့ရန် ခက်မည် မဟုတ်ပေ။ အများအားဖြင့် ထိုကဲ့သို့ မမေးကြသဖြင့် သားနှင့်အဘ စကားကို အေးအေးဆေးဆေး တိုင်ပင်ပြောဆိုသည့် အလေ့မရှိတတ်ကြသည့်အတွက် ပြောဖို့ရန်ရှိလျက်နှင့် မပြောနိုင်ကြဘဲ ငါ့ကို မတရားပြောကြတယ်၊ ငါ့ကို မတရားဆိုတယ်၊ ငါ့ကို မုန်းကြလို့ပဲစသည်ဖြင့် ကျိတ်ကာတွေးပြီး ကိုယ်တိုင် ဆားတွေ့ဖို့လမ်းတွေကို လိုက်ရန် အငြိုးနှင့်ကြံသလို ဖြစ်၍ နေတတ်ကြလေသည်။

သို့ဖြစ်လေရာ တစ်စုံတစ်ခု အကြီးအကျယ်ဖြစ်ကြမှ ယူကျုံးမရ၊ နောက်တစ်ဖန် တပြန်သော်လည်း အကျိုးမပြီး အချည်းနှီးဖြစ်တတ်လေသည်။

သို့ဖြစ်လေရာ သားနှင့်အဘ၊ အမေနှင့်သမီးတို့မှာ အရင်းဆုံးသော အဆွေခင်ပွန်း ဖြစ်ကြသည်နှင့်အညီ သူငယ်ချင်းများလို ပြောဆိုခြင်းအလေ့ကိုရအောင် လေ့ကျင့်အပ်လေသည်။

မိဘအရိပ်ကို စွန့်ကာ မိဘများ စိတ်မချမ်းသာသော အပူမီးတွေ့အောင် တခြားသို့ ပြေးတတ်ကြသူ

mgyoe.com

mgyoe.com


များသည်ကား မိဘကို စိတ်ပူအောင် လုပ်သူများ ဖြစ်သဖြင့် ဤဘဝမှာပင် ဝဋ္ဋလည်တတ်ကြောင်း အများအပြားပင် တွေ့မြင်ရလေသည်။ သို့ဖြစ်လေရာ လူကြီးမိဘပြောဆိုပြစ်တင် မောင်းမဲသည့်အခါတိုင်း ငါ့အပြစ်၊ ငါ့အပြစ်၊ ငါ၏အပြစ်ဟု ဝန်ခံမှသာ မှန်ရာသို့ ရောက်မည်ကား ကြီးမှ သိကြရပေမည်။

ကျွန်ုပ်တို့ မြန်မာလူမျိုးမှာ Clever လိမ္မာခြင်းကို Cunning နပ်ခြင်းနှင့် ရောပေါင်းကာ အကောင်းမှတ်ထင်၍ နေကြလေသည်။

မြန်မာပြည် အင်္ဂလိပ်အောက်ရောက်ခဲ့သည်မှာ Cunning နပ်ခြင်း အပါးနပ်ခြင်းသည် အကြောင်းတစ်ခု ဖြစ်ခဲ့လေသည်။

လိမ္မာခြင်းသည် မြတ်၏။ နပ်ခြင်းမှာ အချိန်သားမကျ၊ မှန်းခြေမကိုက်။ အများသိလွယ်သော၊ သိသာသော အကြောင်း ဖြစ်လေသည်။

လိမ္မာသော်လည်း တစ်စုံတစ်ယောက် ပါးနပ်သည်ကိုကား သိမြင်တတ်ကြလေသည်။ သို့ဖြစ်လေရာ ပါးနပ်ခြင်းသည် လွန်စွာရှက်ဖို့ကောင်းပါကလားဟူသော အသိတစ်လုံးကို ယခုချက်ချင်း ရရှိလျှင် အဆင့်အတန်း အများကြီး မြင့်၍သွားနိုင်လေသည်။

အကြောင်းမူကား ငယ်သောစိတ်ကလေးပျောက်

mgyoe.com

mgyoe.com

—း၊ ကြီးသောစိတ်ရောက်လာခြင်း ဖြစ်လေသည်။

ကုလားမြန်မာတစ်ယောက်သည် တစ်ယောက်—ကိုတစ်ယောက် လှည့်၍မရ၊ တရုတ်ခုနစ်ယောက်—သည် ရဟူဒီတစ်ယောက်ကို လှည့်၍မရ၊ ရဟူဒီ ခုနစ်ယောက်သည် ဥရောပတိုက်သားတစ်ယောက်ကို လှည့်၍မရဟူသောစကားကို သေသေချာချာ ယုံလောက်ပေသည်။ သို့ဖြစ်လေရာ လူမျိုးကွဲမှန်လျှင်ငါတို့လောက်မပါးနပ်ဟူသော စိတ်သည် လူမျိုးတိုင်းမှာပင် ရှိလေသည်။ အကြောင်းမူကား လူမျိုးကွဲမှာစကားမချေင်ခြင်းကြောင့် နုံသည်၊ အသည်ဟု မှတ်ထင်တတ်ကြသည်။ လူမျိုးကွဲကလည်း ထို့အတူသဘောထားမည်ကို စဉ်းစားမိကြဟန် မရှိပေ။ မပါးနပ်သူမှန်က မိမိလောက် မည်သူမျှ မပါးဟူသောစိတ်မျိုး ရှိကြလေသည်။ မပြောဘဲ အနှပ်ခံရသူများကား မပြောရက်ခြင်း၊ မပြောကောင်းခြင်း၊ မပြောချင်ခြင်း စသည့်စိတ်များကြောင့် ဖြစ်နိုင်ကြလေသည်။

ယခုကာလသည် စကားမမှန်သော ကာလဖြစ်သည်။ မနက်ဖြန်ဆိုလျှင် မရောက်နိုင်သောနေ့ ဖြစ်၍နေသော ခေတ်ဖြစ်၍ အသိအလိမ္မာနှင့် ပါးနပ်ပြီးထိုပါးနပ်ခြင်းကို အသုံးမပြုသောသူများသည် ထူးခြားသူများ ဖြစ်ကြပေလိမ့်မည်။ စကားမမှန်သော

mgyoe.com

mgyoe.com


ငယ်ရွယ်သူကို လူကြီးများ မထီမဲ့မြင်ပြုကြမည် မဟုတ်ပေ။

လူငယ်တို့အရွယ်သည် သွေးတက်သောအရွယ် ဖြစ်လေရာ စိတ်သည်လည်း အဆမတန်မြင့်တက်၍ နေတတ်လေသည်။ သို့ဖြစ်လေရာ ငယ်သူများမှာ အနေအထား ချိန်သားရဖို့ရန်အတွက် အသိအလိမ္မာ အတတ်ဟုဆိုသည့် ဂုဏ်မာနကလေးတစ်ခုကိုသာ နှိမ်ဖို့ရန် လိုလေသည်။ ထိုမာန်သည် အလိုလိုက်အား ကြီးသောအခါ ရိုင်းစိုင်းသောအဖြစ်သို့ ရောက်တတ် လေသည်။

အကျင့်စာရိတ္တပျက်စီးခြင်း၌ အသိအလိမ္မာပညာ တတ်သော ငယ်ရွယ်သူများ၏စိတ်၌ ငါပညာတတ်၊ ငါ သိတယ်၊ ငါ့ကိုယ်ကို ငါ အပျက်စီးမခံဟူသော စကားကို ပြောရင်း နစ်မှန်းမသိ နစ်တတ်ကြလေ သည်။

မကောင်းမှုဒုစရိုက်နှင့် ပျက်စီးခြင်း၏ ညွန် အတွင်း၌ လည်ပင်းခိုက်သောအခါ၌ပင် ငါလိုလူ ဘာပျက်စီးနိုင်ပါ့မလဲ၊ လူမိုက်တွေ၊ ဂုဏ်မရှိတဲ့လူ တွေ၊ စိတ်ကိုမနိုင်သူတွေသာ ပျက်စီးတာ၊ ငါလိုလူက ပတ္တမြားညွန်မှာ မနစ်နိုင်ဘူး ဟူ၍ တွေးကာ ပြောဆို တတ်ကြလေသည်။

mgyoe.com

mgyoe.com


နောက်ဆုံး၌ ဆယ်၍မရအောင် နစ်သောအခါ တစ်မျိုးပြောတတ်ကြ၏။ ပျော်ပျော်နေ သေခဲတယ်၊ လူ့ဘဝတိုတိုကလေးရယ်၊ ငါ ဘယ်သူ့ကို သွားပြီး မတရားမလုပ်ဘူး၊ ငါ့ဘာသာငါ ကြိုက်တာ လုပ်တာ၊ ဘယ်သူမဆို ကိုယ်ကြိုက်တာ ကိုယ်လုပ်ကြတာပဲ။ မလွန်ရင် ပြီးတာပဲ ဟူသော စကားမျိုးကို ပြောရင်း လွန်၍နေသည်ကို သတိမထားတတ်ကြပေ။ လွန်ကြောင်း သိလျှင်လည်း တစ်ခါတလေ အပေါင်းအသင်းတွေ့လို့ များသွားတာပဲ။ ခါတိုင်း ဒီလိုချည်း များနေရင် ဒုက္ခပေါ့ဟု ပြောတတ်၏။ ထိုစကားများ၊ ထိုတွေးခေါ်ပုံများသည် မိမိတို့၏အပြစ်ကို မပါအောင် မိမိတို့ကိုယ်ကို လှည့်စားကာ ဝိနည်းရှောင်နေခြင်းဖြစ်လေသည်။ များစွာအကုန်အကျခံ၍ မပျော်ပါးနိုင်သည့်အခါမှသာ အနည်းငယ်နှင့် တင်းတိမ်လျက် များများအကုန်ခံနိုင်လျှင် များမြဲတိုင်း ဆက်၍များတတ်ကြလေသည်။

သို့ဖြစ်လေရာ မကောင်းတရားကို သွေးဆောင်ကာ ဆွေမျိုးကို စောစောက အမုန်းခံ၍ ဖြတ်လိုက်ခြင်းသည် ၎င်းတို့နှင့် ချစ်ခင်၍နေခြင်းထက် ပိုမို၍ အကျိုးရှိနိုင်လေသည်။ အများအားဖြင့် အားနာ၍ လိုက်ပါမှ ပျက်စီးခြင်းသို့ ရောက်ကြလေသည်။

mgyoe.com

mgyoe.com


အားနာခြင်းသည် ပျက်စီးခြင်း၏အစဖြစ်လေရာ အစသည် လွန်စွာပျော်ဖို့ကောင်းသည်။ နောင်အပျော်အပါး၌ နစ်မွန်းသောအခါ၌ကား ပျော်ပါးရခြင်းမှာပင် အရသာရှိ၏။ ခံစားရမှန်းမသိ။ ထုံ၍နေတတ်လေသည်။ သို့သော် အရသာမရှိသော ထိုအပျော်အပါးသည် လည်ပင်းမှာ တပ်၍ထားသော ကျောက်ဆူးပမာ မရုန်းသာ မလွန့်သာအောင် ဆွဲနှိမ်၍ နေတတ်လေသည်။ ထိုအခါ မပျော်သာ၊ အပျော်ထဲမှာ နေခြင်းပင်လျှင် ဆင်းရဲခြင်းတစ်ခုဖြစ်၍ လာတတ်လေသည်။

သောက်ချင်သလိုသောက်၊ စားချင်သလို စား၊ အပျော်မိန်းမတွေ တစ်ဖက်တစ်ချက်ညှပ်ကာ မော်တော်ကားနှင့် အော်ဟစ်ဆူညံကခုန်လျက် မြို့တစ်ညဥ့်လုံး ပတ်၍ ပျော်ပါးရာ၌ ပထမတစ်ညဥ့်မှာ လွန်စွာပျော်၏။ ဒုတိယညဥ့်မှာ နည်းနည်းပျော်၏။ တတိယညဥ့်မှာ ရိုးသွား၏။ စတုတ္ထညဥ့်မှာ ထိုင်းမှိုင်းတွေဝေလျက် အရသာ မတွေ့တော့ပေ။ နောက်ဆက်ကာဆက်ကာ ပျော်သည့်အခါ ထိုကဲ့သို့နေလျှင် စိတ်ညစ်ရုံသာ ရှိ၏။ ထိုကဲ့သို့ ဆက်လက်၍ နေရာ၌ကား အပျော်ဟူ၍ မရှိတော့ပေ။

အပျော်အပါးလွန်စွာ လိုက်စားသော ဝတ်လုံကလေးတစ်ယောက်ကို တွေ့ဖူးသည်။ ၎င်းသည်

mgyoe.com

mgyoe.com


အပျော်မိန်းကလေးတစ်ယောက်ကို တစ်ညဥ့်အတွက် ငွေငါးရာကျပ်ပေး၍ အခန်းတစ်ခန်း၌ ခေါ်ထားပြီးနောက် ၎င်းမိန်းမကို ဂရုမစိုက်၊ တခြားတိုက်ခန်းတစ်ခု၏ ပြတင်းပေါက်မှာ မြင်ရသော မိန်းမတစ်ယောက်ကိုသာ ဂရုစိုက်နေ၏။ မိုးချုပ်၍ မမြင်ရသောအခါကျမှ ပက်လက်ကုလားထိုင်၌ ပက်လက်လှန်ကာ အိပ်ပျော်သွားလေရာ ငွေပေး၍ ခေါ်ထားသောမိန်းမမှာလည်း အလိုတော်ရှိလျှင် အသုံးတော်ခံရန် တစ်ညဥ့်လုံးစောင့်၍ မိုးလင်းမှ ပြန်၍သွားလေသည်။

၎င်းလူမှာ အပျော်လွန်၍နေသဖြင့် မရှိလျှင် မနေတတ်သော အခြေအနေသို့ ရောက်၍နေ၏။ ရှိသောအရာမှာလည်း အနှစ်သာရ မမြင်။ ထိုကဲ့သို့သော လူများမှာ အပျော်သည် ငရဲလိုဖြစ်နေလေတော့သည်။

သို့ဖြစ်လေရာ ပျော်ပါး၍နေသူများကို မြင်၍ အားမကျအပ်ပေ။ ၎င်းပျော်ပါးသူများကို မြင်သောအခါ ငရဲခံ၍ နေသူများဖြစ်သည်ဟု သေချာစွာစဉ်းစားလျှင် အားကျဖွယ်မရှိကြောင်း တွေ့ရှိရပါလိမ့်မည်။

□

mgyoe.com